# မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း

# NEWSLETTER

FEBRUARY 2023, ISSUE

## မန္တလေးတိုင်းဒေသကြီး အထည်ချုပ်လုပ်ငန်းရှင်များအသင်း (၂၀၂၃-၂၀၂၆) ခုနှစ်၊ ဒုတိယအကြိမ် ဗဟိုအလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနား

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) သည် မန္တလေးတိုင်းဒေသကြီးအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MRGMA) အား ဒေသတွင်းအဆင့်အသင်းအဖွဲ့တစ်ခုဖြစ်လာစေရန် တွဲဖက်အသင်းအဖွဲ့တစ်ခုအဖြစ် ပံ့ပိုးပေးခဲ့ပြီး ပိုမိုခိုင်မာသောအသင်းအဖွဲ့တစ်ခုအတွက် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ကြီးမားသောပံ့ပိုး ကူညီမှုနှင့် လမ်းညွှန်မှုများကို ပံ့ပိုးပေးခဲ့ပါသည်။

MRGMA သည် ၂၀၂၀ ခုနှစ်မှစတင်၍ဖွဲ့စည်းတည်ထောင်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၏ အထည်ချုပ်ကဏ္ဍထိရောက်စွာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဗဟိုအလုပ် အမှုဆောင် ၁၂ ဦးနှင့် အလုပ်အမှုဆောင် ၃ ဦးတို့ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ **>>>>>>>>> စာ - ( ၂ ) သို့ -**











**မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ Member List (၂၀၂၂-၂၀၂၃) စာအုပ်ထွက်ရှိပါပြီ။ အသင်းရုံးချုပ် ဖုန်း - ၀၉၄၂၁၁၁၀၂၃၂၊ ၀၉၄၂၀၀၃၆၆၈၃ သို့ဆက်သွယ်၍ ဝယ်ယူရရှိနိုင်ပါပြီ။**



# မာတိကာ

## Activities and News **Page**


မန္တလေးတိုင်းဒေသကြီး အထည်ချုပ်လုပ်ငန်းရှင်များအသင်း (၂၀၂၃-၂၀၂၆) ခုနှစ်၊ ဒုတိယအကြိမ် ဗဟိုအလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနား........................................................ ၂-၃-၄

မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ.............................. ၅

လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး ....................................................................... ၆

စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၁၀-၁၁)...................................................................................................................... ၇

မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု " စံ " သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) Level 1 အကဲဖြတ်စစ်ဆေးခြင်း ........................................................................................................... ၈

တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်း (အမှတ်စဉ် - ၂) ........................................................... ၉

အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၁၅) ................................................................ ၁၀

Voluntary Labour Compliance Assessment Program.......................................................... ၁၁


## Upcoming Activities

| *No.* | *Descriptions* | *Date & Time* | *Venue* |
|---|---|---|---|
| 1. | 7th Annual General Meeting | March 19 | UMFCCI (Mingalar Hall) |
| 2. | Industrial Engineering Batch - 75 | March 13 - 24 | MGHRDC |
| 3. | 3rd edition of India Textiles Sourcing Fair (ITSF), | March 14 - 16 | New Delhi, India |
| 4. | "India Fashion Tex" an International Reverse Buyer Seller Meet (RBSM) | March 20 - 22 | The Ashok Hotel, New Delhi |
| 5. | 14th India International Silk Fair | March 22 - 24 | Gurugram, India |

## Membership Update


New Members in February 2023 ………………………………………………….......... ၁၂

Membership update as of February 2023 ..……………………………………………... ၁၂

# MRGMA ၂၀၂၃-၂၀၂၆ ခုနှစ် ဒုတိယအကြိမ် ဗဟိုအလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ခြင်းအခမ်းအနား




မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) သည် မန္တလေးတိုင်းဒေသကြီးအထည်ချုပ်လုပ်ငန်းရှင်များ အသင်း (MRGMA) အားဒေသတွင်းအဆင့်အသင်းအဖွဲ့ တစ်ခုဖြစ်လာစေရန် တွဲဖက်အသင်းအဖွဲ့တစ်ခုအဖြစ် ပံ့ပိုး ပေးခဲ့ပြီး ပိုမိုခိုင်မာသောအသင်းအဖွဲ့တစ်ခုအတွက် ရေရှည် တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ကြီးမားသောပံ့ပိုး ကူညီမှုနှင့် လမ်းညွှန်မှုများကို ပံ့ပိုးပေးခဲ့ပါသည်။

MRGMA သည် ၂၀၂၀ ခုနှစ်မှစတင်၍ဖွဲ့စည်းတည်ထောင် ခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၏ အထည်ချုပ်ကဏ္ဍ ထိရောက်စွာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဗဟိုအလုပ် အမှုဆောင် ၁၂ ဦးနှင့် အလုပ်အမှုဆောင် ၃ ဦးတို့ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။

MGMA နှင့် MRCCI တို့စီစဉ်သည့်မန္တလေးတိုင်းဒေသကြီး အထည်ချုပ်လုပ်ငန်းရှင်များအသင်း (၂၀၂၃-၂၀၂၆) ခုနှစ်၊ ဗဟိုအလုပ်အမှုဆောင် ရွေးကောက်တင်မြှောက်ပွဲအခမ်း အနားအား ရွေးကောက်ပွဲကောက်မရှင်၏ ကြီးကြပ်မှုဖြင့် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်တွင် Hotel Mandalay ၌ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကျော်ဝင်းမှရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ အဆင့်ဆင့် ရွေးချယ်ပုံနည်းစနစ် နှင့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းတင်ပြခဲ့ပြီး ကော်မရှင်အတွင်းရေးမှူး ဦးထွန်းထွန်း မှ မန္တလေးတိုင်းဒေသကြီး အထည်ချုပ်လုပ်ငန်းရှင်များ အသင်း တွင် ၂၀၂၃ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ တာဝန်ယူ ဆောင်ရွက်ရန်လျှောက်ထားကြသည့်အလုပ်အမှုဆောင် များ၏ အမည်စာရင်းကိုဖတ်ကြားတင်ပြခဲ့သည်။

ထို့နောက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များသည် ဗဟို အလုပ်အမှုဆောင်ကော်မတီနှင့် စီမံခန့်ခွဲရေး ကော်မတီဝင် များကို ရွေးချယ်တင်မြှောက်ပြီး ၂၀၂၃-၂၀၂၆ ခုနှစ်အတွက် ရွေးချယ်တင်မြှောက်ခံရသည့်အလုပ်အမှုဆောင်အဖွဲ့ဝင် များ၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်။

အခမ်းအနားသို့ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှအဖွဲ့ဝင် များ၊ မန္တလေးတိုင်းဒေသကြီး အထည်ချုပ်လုပ်ငန်းရှင်များ အသင်းမှ အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက် ခဲ့ကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံများရိုက်ကူးကာ အခမ်းအနားကို အောင်မြင်စွာအဆုံးသတ်ခဲ့သည်။




Election Commission Member




Election Commission Chairman U Kyaw Win presenting election process




MRGMA's EC Group Photo




Election Commission and MRGMA's EC Group Photo




Giving Vote




Giving Vote



MRGMA's CEC/ECs



MRGMA's CEC/ECs



MD of MGMA Daw Aye Mi Shien announce election agenda



MGMA and MRGMA Office Team Members

# မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ



Korea Garment Association in Myanmar (KOGAM) မှဦးဆောင်ကာ မြန်မာနိုင်ငံရှိ နိုင်ငံခြားအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့်အတူမြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်က Nara Restaurant ၌ပြုလုပ်ခဲ့သည်။ ညစာစားပွဲသို့ မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်ငန်းအသင်းများဖြစ်သော မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA), Myanmar Garment Manufacturers Association (MGMA), Japan Garment Manufacturers Association (JGMA) and Chinese Textile & Garment Association in Myanmar (CTGA) တို့မှဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများနှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး အထည်ချုပ်ကဏ္ဍ၏ လတ်တလော အခြေအနေနှင့် စိန်ခေါ်မှုများအကြောင်း အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

# လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး

လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသော MGMA အလုပ်အမှုဆောင်အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် က MGMA အစည်းအဝေးခန်း၌ပြုလုပ်ခဲ့သည်။

အစည်းအဝေးအား MGMA ၏မန်နေဂျင်းဒါရိုက်တာမှ သဘာပတိအဖြစ်ဦးဆောင်စတင်ခဲ့ပြီး အလုပ်အမှုဆောင်များမှ အစည်းအဝေးတွင် CEC/EC အဖွဲ့ဝင်များသည် အိန္ဒိယနိုင်ငံ၊ Grugram မြို့နှင့် နယူးဒေလီမြို့ရှိ အထည်အလိပ်ပွဲများတွင် MGMA နှင့် MRGMA အဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးခဲ့ကြသည်။ ထို့ပြင်အလုပ်အမှုဆောင်အဖွဲ့ဝင်များမှ အသင်းဝင်ကြေးပုံမှန် ပေးဆောင်ရန် အဖွဲ့ဝင်စက်ရုံများသို့အကြောင်းကြားစာပေးပို့ကာ MGMA ဖွဲ့စည်းပုံအခြေခံဥပဒေအရ အသင်းဝင်ကြေးပုံမှန်မသွင်းသောစက်ရုံများအား အသင်းဝင်အဖြစ်မှ ဆိုင်းငံ့ထားရန် စဉ်းစားခဲ့ကြသည်။ လာမည့် ၁၉.၃.၂၀၂၃ တွင်ကျင်းပမည့် (၇) ကြိမ်မြောက် အသင်းသားစုံညီအစည်းအဝေးကျင်းပရန်အတွက် ပွဲဖြစ်မြောက်ရေး ကော်မတီဖွဲ့စည်းရန် ကိစ္စရပ်များ၊ MRGMA ဗဟိုအလုပ်အမှုဆောင်ရွေးကောက်ပွဲအတွက် MGMA မှ ကြိုတင်ညှိနှိုင်းအစည်းအဝေးများပြုလုပ်၍ ကော်မရှင်ဖွဲ့ရန်ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။ ထို့နောက် KG ရှင်းလင်းရန် ကျန်ရှိသော အသင်းဝင်စက်ရုံများမှ ကျန်ရှိနေသေးသော KG ရှင်းလင်းစေရန် ကိစ္စရပ်များအတွက် MGMA ရုံးမှဆောင်ရွက်ရန် အကြံပြုချက်များ၊ အလုပ်သမားဥပဒေသင်တန်းများနှင့် VLCA Assessment စစ်ဆေးခြင်းများအတွက် အသင်းဝင်စက်ရုံများ၏ပူးပေါင်းပါဝင်ဆောင်ရွက်မှုများအပေါ် အကြံပြုချက် များကိုလည်း ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ MGMA ၏ အလုပ်အမှုဆောင်အဖွဲ့ဝင်များမှ တက်ရောက်ခဲ့ကြပြီး ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများ၊ တွဲဖက်အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။



# စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း

## (Compulsory Training) အမှတ်စဉ် (၁၀-၁၁)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးကာ စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၁၀-၁၁) ကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နှင့် ၂၃ ရက်များတွင် မြန်မာနိုင်ငံအထည်ချုပ်လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။▲



Batch – 10 Group Photo



Batch – 11 Group Photo



Discussion Session



Labour Officer presenting Labour Law Awareness

အဆိုပါသင်တန်းကို MGMA ၏စည်းမျဉ်းစည်းကမ်းများအရမဖြစ်မနေတက်ရောက်သင့်သည့်သင်တန်းဖြစ်ပြီး အသင်းဝင်အထည်ချုပ်စက်ရုံများတွင် အလုပ်သမားဥပဒေလေးစားလိုက်နာမှု ခိုင်မာအားကောင်းစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။ သင်တန်းတွင် MGMA ၏ Labour Officer ဦးမင်းစိုးဟန်မှ Induction & Employment, Working Hours & Overtime, Paying Wages, Workplace Relations, Settlement of Disputes & WCC and Labour Organization များကို ဆွေးနွေးမှုများ၊ အမေးအဖြေ ကဏ္ဍများဖြင့်သင်ကြားပေးခဲ့သည်။ သင်တန်းသို့ အသင်းဝင်စက်ရုံ (၃၀) ရုံ မှ HR ဌာန နှင့် Production ဌာနမှ ဝန်ထမ်းဦးရေ (၅၀) ယောက်တက်ရောက်ခဲ့သည်။ MGMA အနေဖြင့် အထည်ချုပ်လုပ်ငန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် သင်တန်းကို လစဉ်ပုံမှန် ပြုလုပ်သွားမည်ဖြစ်သည်။

# မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု “ စံ “ သတ်မှတ်ပြဌာန်းရေးအဖွဲ့ (NSSA) Level 1 အကဲဖြတ်စစ်ဆေးခြင်း

မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု “ စံ “ သတ်မှတ်ပြဌာန်းရေးအဖွဲ့ (NSSA) မှ လှိုင်သာယာစက်မှုဇုန်ရှိ Sioen (Myanmar) Limited သို့ သွားရောက်ကာ National Skill Standard Authority (NSSA) Level 1 အကဲဖြတ်စစ်ဆေးခြင်းကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နှင့် ၂၄ ရက် များတွင် ပြုလုပ်ခဲ့သည်။

အဆိုပါစက်ရုံရှိ Operator Level ဝန်ထမ်းများအား ရေးဖြေအဖြစ် Multiple Choice မေးခွန်းများ နှင့် လက်တွေ့စစ်ဆေးမှုအဖြစ် စက် (၅) မျိုးဖြစ်သော Single Needle Lock Stitch Machine, Four Thread Overlock Machine, Button Hole Machine, Button Attached Machine, Bartack Machine တို့ကို လက်တွေ့အသုံးပြုပုံများကို အကဲဖြတ်စစ်ဆေးခဲ့သည်။

ထိုအစီအစဉ်အား TVET နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး သင်တန်းများကို ၂၀၁၇ ခုနှစ် မှစတင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။



Group Photo



Written Assessment



Practice Assessment



Written Assessment

# တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်း (အမှတ်စဉ် - ၂)



မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်း (သင်တန်းအမှတ်စဉ် - ၂) ကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ဖေဖော်ဝါရီလ ၁၀ ရက်ထိ၊ မြန်မာနိုင်ငံအထည်ချုပ်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

သင်တန်းတွင် MGHRDC သင်တန်းကျောင်းမှ ဆရာမများက အထည်တစ်ခု၏ အစိတ်အပိုင်းများဖြစ်သော (အိတ်ဖုံး၊ ခရုပတ်၊ ပုခုံးဒေါက်၊ အိတ်ကပ်၊ ဖေါက်အိတ်ပုံစံအမျိုးမျိုး၊ ရိုးရိုးဇစ်တပ်နည်း၊ ဇစ်ပျောက်တပ်နည်း၊ ကျားဝတ်ဂျာစီ (သဘော်သားလျှာချုပ်နည်း)၊ ရှပ်အင်္ကျီလက်ရှည်တစ်ထည်လုံးချုပ်နည်း၊ ခါးပတ်ပါတဲ့ A Skirt တစ်ထည်လုံးချုပ်နည်းများကိုသင်ကြားပေးသွားမည့်အပြင် အထူးစက်ချုပ်သင်တန်း (၆) မျိုးဖြစ်သော ကြယ်သီးဖောက်စက်အသုံးပြုနည်း၊ ကြယ်သီးတပ်စက်အသုံးပြုနည်း၊ Bartack Machine, Overlock 4 thread, Overlock 5 thread, 2 Needle များကို သင်ကြားပေးခဲ့သည်။ လက်တွေ့လုပ်ဆောင်မှုများပါဝင်သည့်သင်တန်းသို့ သင်တန်းသား (၁၀) ဦးတက်ရောက်ခဲ့သည်။



Trainer from MGHRDC lecturing sewing method



Practice Session



Awarding Certificate



Awarding Certificate

# အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၁၅)



Trainer from MGHRDC lecturing sewing method

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ ကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၁၅) ကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်မှ ဖေဖော်ဝါရီလ ၁၀ ရက်နေ့ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။ သင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာတွင် သိသင့်သိထိုက်သည့်ဗဟုသုတများ၊ ချုပ်နည်း အဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးခဲ့ပြီး MGMA ၏ လက်ထောက်အလုပ်သမားရေးရာအရာရှိမှ အလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာ များကို ရှင်းလင်း ပြောကြားပေးခဲ့သည်။

သင်တန်းသို့ သင်တန်းသား (၃၃) ယောက်တက်ရောက်ခဲ့ပြီးသင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။



Awarding Certificate



Junior Labour Officer of MGMA presenting Labour Law Awareness



Registration




Trainer from MGHRDC lecturing sewing method

# Voluntary Labour Compliance Assessment Program စစ်ဆေးခြင်း

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ Voluntary Labour Compliance Assessment အစီအစဉ်အဖြစ် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အသင်းဝင်စက်ရုံ (၃) ရုံကို သွားရောက် အကဲဖြတ်စစ်ဆေးခဲ့သည်။

အဆိုပါ စက်ရုံ ၃ ရုံမှာ Beaume International Manufacturing Co.,Ltd, Sunrise Myanmar Co.,Ltd နှင့် KPH Manufacturing Co.,Ltd. တို့ဖြစ်သည်။ လှိုင်သာယာမြို့နယ်ရှိ Beaume International Manu - facturing Co.,Ltd သို့ ဖေဖော်ဝါရီလ ၁၆ ရက်တွင် လည်းကောင်း၊ ရွှေပြည်သာမြို့နယ်ရှိ Sunrise Myanmar Co.,Ltd သို့ ဇန်နဝါရီလ ၂၁ ရက်တွင် လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ်ရှိ KPH Manufacturing Co.,Ltd သို့ ဖေဖော်ဝါရီလ ၂၄ ရက်တွင်လည်းကောင်း သွားရောက်စစ်ဆေးခဲ့သည်။

စက်ရုံများတွင် MGMA ၏ Labour Officer မှ VLCA အစီအစဉ်တွင်အကျုံးဝင်သည့်စာရွက်စာတမ်းအားလုံး နှင့်ကိုက်ညီမှုရှိ၊မရှိကို အသေးစိတ် ကြည့်ရှုစစ်ဆေးခဲ့သည်။ Voluntary Labour Compliance Assessment သည် ၂၀၁၉ ခုနှစ်တွင် MGMA နှင့် ILO/ACTEMP တို့ပူးပေါင်းအကောင်အထည်ဖော်ခဲ့သည့် အလုပ်သမား ဥပဒေလေးစားလိုက်နာမှုဆိုင်ရာကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်းအစီအစဉ်တစ်ခုဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် တွင် တရားဝင်ကြေညာခဲ့သည်။



Beaume International Manufacturing Co.,Ltd




Beaume International Manufacturing Co.,Ltd



KPH Manufacturing Co.,Ltd



Sunrise Myanmar Co.,Ltd



Sunrise Myanmar Co.,Ltd

## UPCOMING ACTIVITIES

| No. | Description | Date & Time | Venue |
|---|---|---|---|
| 1. | 7th Annual General Meeting | March 19 | UMFCCI (Mingalar Hall) |
| 2. | Industrial Engineering Batch - 75 | March 13 - 24 | MGHRDC |
| 3. | 3rd edition of India Textiles Sourcing Fair (ITSF), | March 14 - 16 | New Delhi, India |
| 4. | "India Fashion Tex" an International Reverse Buyer Seller Meet (RBSM) | March 20 - 22 | The Ashok Hotel, New Delhi |
| 5. | 14th India International Silk Fair | March 22 - 24 | Gurugram, India |

## MEMBERSHIP UPDATE

New Members in February 2023

| **Country** | **No. of New Member Factories** |
|---|---|
| China | 1 |
| Total | 1 |

Membership Update as of February 2023

| **Status** | **Country** | **No. of Factories** |
|---|---|---|
| Active | Myanmar | 69 |
| | China | 304 |
| | Korea | 54 |
| | Japan | 18 |
| | Others | 21 |
| | Joint Venture | 28 |
| | Local, Sub-Con, Marketing, Inspection ,Textile | 49 |
| Total (Active) | | 543 |
| Total (Inactive) | | 254 |
| Grand Total | | 797 |